


# 13:30

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx
တော်လှန်ရေးအကြောင်းပြုပြီး အလှူငွေတွေစတင်ကောက်ခံကတည်းက မရှင်းလင်းမပြတ်သားခဲ့တဲ့ အကျိုးဆက်ဟာ တမင်ရည်ရွယ်ပြီးလုပ်ခဲ့တယ်ဆိုတာ ထင်ရှားလာတာပဲဖြစ်တယ်။

အလှူငွေ/ထောက်ပံ့ငွေရရှိရေး Project ဆိုတာတွေစလုပ်ကတည်းက ကျနော်ထောက်ပြခဲ့တယ် အဲ့ဒီတုန်းကတော့ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်နေတာလို့မထင်ပဲ NUG လူကြီးတွေသတိမထားမိတာလို့ပဲထင်ခဲ့တာ အဲ့ဒီတော့ လိုရင်းကိုအတိုချုံးပြောရရင် အလှူငွေရရှိရေးအတွက်အမျိုးမျိုးသောခေါင်းစဉ်နဲ့ ပြုလုပ်တဲ့ Project တွေ Ticket တွေ အားလုံးဟာ NUG ရဲ့စီစဉ်ညွှန်ကြားမှုနဲ့လုပ်တာလား? Fundraiser တွေအနေနဲ့ ကိုယ့်အစီစဉ် ကိုယ့်သဘောနဲ့လုပ်တာလား? ပြည်တွင်းပြည်ပကအလှူရှင်တွေလှူတာသည် NUG ကို လှူတာလား? Fundraiser တွေကိုလှူတာလား? ရရှိတဲ့ငွေတွေကို Fundraiser တွေပေးသလောက်ပဲ NUG ကရတာလား? ခေါင်းစဉ်ပေါင်းသောင်းခြောက်ထောင်နဲ့ ရခဲ့တဲ့ငွေတွေကို ဘယ်သူက တာဝန်ခံပြီး

စီမံခန့်ခွဲသလဲ? NUG အနေအထားက မင်းတို့လည်း မင်းတို့နည်းမင်းတို့ဟန်နဲ့အလှူခံ၊ ရလာတဲ့ပိုက်ဆံကို ငါတို့ကိုလည်းပေး ငါတို့အတွက်ဆိုတဲ့ပုံစံမပေါက်စေနဲ့ တော်လှန်ရေးအတွက်လို့ပဲသိပါစေ... အဲ့ဒီလိုဖြစ်နေတယ် အနီးစပ်ဆုံးဥပမာပေးရရင် သူတောင်းစားဂိုဏ်းချုပ်က သူတောင်းစားကလေးတွေကို နေရာအနှံ့ဖြန့်ကျက်တောင်းခိုင်းပြီး မင်းတို့လည်းအဆင်ပြေသလိုယူ ငါ့ကိုလည်းတူတူတန်တန်ပေး များများတောင်းနိုင်တဲ့သူ /တောင်းတတ်သူက များများရမယ် အဲ့ဒါဆိုငါတို့ကိုလည်း များများပေးရမယ်... တချို့ကလည်းဂီလာနခလေးပေါက်စ ခါးထစ်ခွချီပြီးတောင်းမယ် တချို့ကလည်း မျက်မမြင်အဖိုးအိုအဖွားအိုဘမ်းပြပြီးတောင်းမယ် တချို့ကတော့လည်း ကုဋ္ဌနူနာရောဂါသည်ကိုအသုံးချပြီးတောင်းမယ် အဲ့ဒီအနေအထားဖြစ်နေတယ် ရရှိတဲ့ငွေကြေးပမာဏနဲ့ အသုံးစာရင်းဟာ NUG နဲ့ fundraiser တွေ ပါးစပ်ထဲမှာပဲရှိတယ်။ စိုင်း မဟာ ထွန်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## Kyaw Zaww Linn

**3h ·**

#မထူးဆန်းတဲ့ဖြစ်စဉ်

--------------------

-NLD ဖျက်သိမ်းလိုက်လို့
ပါတီအာဏာရစဉ်ကအမေ့သားတွေ၊အမေ့သမီးတွေပါဆိုပြီးအမေနဲ့ပါတီကိုထိမီးပွင့်သွားမယ်ဆိုပြီး ရဲရဲတောက်ခဲ့ကြတဲ့ပါတီဝင်ပါဆိုသူတွေတေထောက်ခံပါတယ်ဆိုသူတွေအသံတိတ်၊အတိတ်မေ့သ လိုရွှေပျောက်သလိုအရှူးကွက်နင်းနေတာ မထူးဆန်းပေ။

အကြောင်းကြောင့်အကျိုးများသာ။

-အကြောင်းတရားကတော့ ပါတီခေါင်းဆောင်ကြီးအန်တီစုရဲ့အားလုံး ပါဝင်ရေးဆိုတဲ့(All Inclusive) မှုကြောင့်ပါပဲ။

ထိုမှုကြောင့်ပဲ အချောင်သမားများ၊စားဖားတွေ တခါးမရှိဓားမရှိပါတီထဲ ရောက်ကုန်တော့တာပါပဲ။

-၂၀၁၂မှာ ပါတီခေါင်းဆောင်ရဲ့ဝင်ပြင်မှုအရ
ဇဝရလဒ်ကိုင်NLDပါတီကိုဖျတ်သိမ်းပြီးအားလုံးပါဝင်ရေးမှု(All Inclusive) နဲ့ New NLD ပါတီတည်ထောင်ခဲ့တာပါ။

-ခေါင်းဆောင်ကြီးရဲ့အားလုံးပါဝင်ရေးမှုအရ
ပါတီကိုopenဖွင့်လိုက်တော့သောက်ကျိုးတွေနည်းကုန်ပါလေရော။ ပါတီထဲ စစ်အစိုးရခေတ်က ရဲသတင်းပေးအင်ဖော်မာတွေရောရပ်ကွက်ထဲချဲရောင်းတဲ့ကော်မရှင်စားတွေကအစဖာခေါင်းဖာသ ည်

သူခိုးအဆုံး၊အချောင်းသမားများပါတီဝင်ဖြစ်ခွင့်ရကာတချို့ဆိုဘာဥက္ကဌ၊ညာဥက္ကဌတောင်ဖြစ်ကြ သေးတယ်။

-
အဆိုးဆုံးကပါတီထဲအုပ်စုဖွဲ့ပြီးအရင်စစ်အစိုးရခေတ်ကြံ့ခိုင်ခဲ့တဲ့ပါတီဝင်အဟောင်းတွေကိုတော
င်ကန်ထုတ်တာပါပဲ။ငွေကြေးနိုင်လျှင်အုပ်စုဖွဲ့မဲနိုင်အပေါ်ဖားအောက်ဖိနေရာအာဏာရူးသူတွေဒုန့်
ဒေးပါ။စားဖားများညီညွတ်ခဲ့ကြပါတယ်။ ပါတီခေါင်းဆောင်ပါဆိုသူကပါ သစ်ခုတ်သမားမလို
ပန်းပုသမားသာလိုတယ်လုပ်ပြောပြီး စစ်အုပ်စုနှင့်ရင်ကြားစေ့ပါတယ်။
နောက်ဆုံးNLDပါတီဟာ၊ပါတီနဲ့မတူတော့
ရပ်ကွက်ဆွမ်းလောင်းအသင်းလိုလို၊သာရေးနာရေးအသင်းလိုလို စည်းမဲ့စံမဲ့ပုဂ္ဂိုလ်ရေးကိုးကွယ်တဲ့
ပွဖောင်းဖောင်း ပါတီဖြစ်လာခဲ့ပြီး အပေါစား
အချောင်သမားလော်ဘီတွေနှင့်နှစ်ပါးသွားကခဲ့ကြတယ်။
-
စစ်အုပ်စုနှင့်ရင်ကြားစေ့မှုအတောအတွင်းNLDဘာလုပ်လုပ်မှန်ကြောင်းလူထုကိုအပေါစားဆယ်လီ
လော်ဘီများကိုအသုံးချပြီးဝါဒဖြန့်စေခဲ့တာပါ။
အကျိုးရလဒ်ကတော့ ဒေါ်စုပါစစ်အုပ်စုနှင့်ပူးတွဲပြီးရိုဟင်ဂျာGenocide
တရားခံအဖြစ်သတ်မှတ်ခံရတာပါ။
- အားလုံးပါဝင်ရေးမူ မှာ ဒီမိုကရက်အင်အားစုများ
တိုင်းရင်းသားများ၊ကျောင်းသားနှင့်အရပ်ဖက်အဖွဲ့စည်းများကိုပါဝင်အောင်စည်းရုံးရမည်အစား
တဖက်သက်ရင်ကြားစေ့ပြီး၄င်းအဖွဲ့စည်းများကိုပင်
ငါနဲ့မတူငါရန်သူလုပ် ရန်စွယ်ငေါ်မောက်မာခဲ့တာ
အလွန်မိုက်မဲတဲ့လုပ်ရပ်ပါ။
-ခေါင်းဆောင်မှုလွဲမှားမှုကြောင့် နိုင်ငံရေးပါတီတခုဟာ
အချောင်သမားတသိုက်နှင့်ဘုံဆွမ်းလောင်းအသင်းလိုလို ပရဟိတ
အသင်လိုလိုဖြစ်ခဲ့ရပြီးအချောင်သမားသာကူးများဟာလည်း
ပါတီတခုဖျက်သိမ်းခံရလည်းအချိန်တန်လျှင်
ဖုတ်ဖက်ခါပြီးပါတီကိုကျောခိုင်းသွားတာလုံးဝမထူးဆန်းတဲ့ဖြစ်စဥ်တခုပါပဲ။
@K Z L







Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# Burma VJ

**Yesterday at 02:05** ·

NUG နဲ့ ဗိုလ်ချုပ်ဂွမ်မော်ကို ဝက်လက်ဒေသခံတွေက တောင်းဆို

BVJ၊ မတ် ၃၁၊ ၂၀၂၃


ဒီနေ့(မတ် ၃၁) နေ့လည်ပိုင်းက ဝက်လက်မြို့နယ်ပြည်သူတွေက ပကဖခေါင်းဆောင် နေမျိုးအောင်နဲ့ တပ်ရင်း (၂) တာဝန်ခံ ဒူဠျန်စိုင်းသူ၊ ဒုရင်းမှူး စတီး၊ ပအဖခေါင်းဆောင်ဆန်းမင်းအောင်တို့ အဖွဲ့က


ဒေသခံကာကွယ်ရေးတပ်ဖွဲ့ရဲဘော်များဖြစ်ကြတဲ့ ကိုရန်လင်းထွန်းနဲ့ ကိုစိုင်းမောင်မောင်တို့ နှစ်ဦးကို ဘုရားပေါ်မှာ လူမဆန်စွာ ရက်ရက်စက်စက် သေနတ်နဲ့ အချက်ပေါင်း များစွာပစ်သတ်တာ ၇ လပြည့်ပြီးဖြစ်လို့ အရေးယူပေးဖို့ကို အမျိုးသားညီညွတ်ရေး အစိုးရ NUG ရဲ့ တာဝန်ရှိသူတွေနဲ့ KIA ဗိုလ်ချုပ်ကြီးဂွမ်မော်ထံ တောင်းဆိုလိုက်ပါတယ်။


ဆန္ဒဖော်ထုတ်ခဲ့တဲ့ ပြည်သူတစ်ဦးကတော့ "NUG ထံ တိုင်ကြားထားတာ ၇ လရှိပြီ၊ အခုအချိန်အထိ ဒီကိစ္စကို ရှင်းမပေးသေးဘူး။ ဒါကြောင့် ပြည်သူတွေက NUG နဲ့ KIA ထံ အချက် ၈ ချက်ကိုတောင်းဆိုတာဖြစ်ပါတယ်၊ အခုလိုတောင်းဆိုတာက NUG ကို တိုက်ခိုက်နေတာမဟုတ်ဘူး၊ ကာကွယ်ရေးတပ်ဖွဲ့ဝင်အချင်းချင်း ရက်ရက်စက်စက် သတ်သွားတာကို အရေးယူပေးဖို့ တောင်းဆိုနေတာဖြစ်တယ်၊ ဒူချွန်စိုင်းသူဆိုတာက KIA တပ်သားဖြစ်တဲ့အတွက် ဗိုလ်ချုပ်ဂွမ်မော်ထံတောင်းဆိုတာပါ " လို့ ပြောပါတယ်။

ကြွေးကြော်သံ (၈) ချက်ကို အမြန်ဆုံးဆောင်ရွက်ပေးဖို့ NUG အစိုးရ နဲ့ KIA ဗိုလ်ချုပ်ကြီးဂွမ်မော်တို့ကို အလေးအနက်ထားပြီး တင်ပြတောင်းဆိုအပ်ပါ တယ်လို့လည်း ပြောပါတယ်။ NUG ကျူးလွန်သူတွေကို အရေးယူပေးမယ်လို့ ကတိပေးထားတဲ့အတွက် ထိထိရောက်ရောက်အရေးယူပေးဖို့ကိုလည်း ထပ်ဆင့် တောင်းဆိုတယ်လို့လည်း ပြောပါတယ်။




ပကာဖခေါင်းဆောင် နေမျိုးအောင်နဲ့
က သတ်ဖျက်ပြီး အလောင်းဖျောက်
လိုက်တဲ့ အာဇာနည်တွေကို ဘယ်လို
NUG


လူသတ်အလောင်းဖျောက်တဲ့သူတွေ
ကို အမှုဖျောက်ပေးပြီး အရေးတော်ပုံကို
မသတ်ပါနဲ့ NUG






+6

☐
All reactions:
470470


11-12-2019
WE STAND WITH YOU


သူရိယနေဝန်း
THE SUN RAYS
Vol.1 No.192
WEEKLY NEWS JOURNAL
24th March 2018
အမေစုကိုထိကြည့် မီးပွင့်ပြီမှတ်
အမေစုကိုထိတဲ့နေ့
မင်းတို့ကမ္ဘာပျက်မယ့်နေ့



+10

□
□

All reactions:
1212

Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

#အမိမဲ့သား_ရေနည်းငါး NUG အစိုးရဟာ အရေးလုပ်ပြီး ဝေဖန်နေဖို့ရာတောင် သိပ်မကောင်းတော့ပါဘူး ဒါပေမယ့် မပြောမဖြစ် နည်းနည်းတော့ပြောရအုံးမယ် ၁။ NUG ဟာ လက်ပရိုစီရထားတဲ့ NLD အမတ်တွေ ဦးဆောင်ဖွဲ့စည်းထားတယ် ၊ စကတည်းက အမေက အထဲမှာမို့ အသည်းငယ်နေရတဲ့အထဲ ခုချိန်မှာ မအလ ရွေးကော်က NLD ပါတီကို ဖျက်သိမ်းခံလိုက်ရတယ် ၂။ NUG ကို မွေးဖွားပေးခဲ့တဲ့ ဒုတိယအမေ NUCC ကလဲ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ အသက်မဝင်တော့ပဲ ဖြစ်နေတယ်။ အသက်ဝင်ရင်လဲ NUG ကို ထိမ်းကြောင်းလို့ မရတော့ အစည်းဝေးတောင် လုပ်မရဘဲ မထူးဇာတ် ခင်းနေကြတယ် ၃။ အရေးထဲ ငှက်ပစ်ကြီးကိစ္စက အလွဲလွဲချော်ချော်တွေနဲ့ လိမ်ဆင်ကြီးဆိုတာ ပြည်သူတွေသိသွားတော့ ပြောမှားဆိုမှားတွေကို တောင်းပန်ရမယ့်အစား မျက်နှာပြောင်တိုက်ပီး အရှုးကွက် နင်းပြလိုက်ပြန်တယ် ။ သူတို့ဘာသူတို့ ပိုင်လှပြီထင်နေကြပေမယ့် ပြည်သူတိုင်းက စောက်ချဉ်မဟုတ်ဘူးလေ။ ၄။ ဒီအထဲမှာ တော်လှန်ရေးရဲဘော်တိုင်းက သူတို့ အသက်ပေးပြီး တိုက်ပွဲဝင်နေတာဟာ NLD NUG အတွက် မဟုတ်ဘူး လို့ ပြောတဲ့စကားတွေက အာဏာရှူး ခွေးသဒေါင်းစားတွေရဲ့အသည်းကို ကျွဲခတ်သလို ဖြစ်နေခဲ့ပြန်တာပဲ.... ဒီတော့ တော်လှန်ရေးဟာ သူတို့နေရာရဖို့ မျှော်လင့်ချက် မဟုတ်တော့ဘူး ၅။ တစ်ဖက်က EAOs တွေကလဲ

ဗမာနိုင်ငံရေးသမားတွေ လူပါးဝတာကို အကြောသိနေတော့ PDF လူငယ်တွေကိုသာ ကူညီပေးပေမယ့် NUG ကို အယုံအကြည် မရှိဘူး ၆။ ထွက်ပေါက်အနေနဲ့ UN နဲ့ နိုင်ငံတကာကို မျက်နှာချိုသွေးကြည့်ခဲ့တော့လဲ ဘယ်သူကမှ လူရာသွင်းပီး သောက်ဖက် သိပ်မလုပ်ကြပြန်ဘူး အာရှမှာ ဒီမိုနိုင်ငံတစ်ခု ကျဆုံးသွားမှာမို့လို့ ဝိုင်းအာပေးကြတဲ့အဆင့်ပဲ ရှိတယ် ဒီတော့ NUG ဟာ မျှော်လင့်ချက်မဲ့ပြီး အရှူးမီးဝိုင်းနဲ့ ယောင်ဝါးဝါးဖြစ်နေတာ မဆန်းတော့ဘူး သူ့ရဲ့မူလရည်ရွယ်ချက်ကိုက စစ်အာဏာရှင် တော်လှန်ရေးအတွက်မဟုတ်ဘဲ တော်လှန်ရေးအလွန် တိုင်းပြည်ပြန်လည် ထူထောင်ရေးအတွက် အစိုးရ ဖွဲ့ခဲ့ဟန်တူပါတယ် ၇။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေက မရှိ ။ ဲဒီဥပဒေမရှိရင် အစိုးရအဖြစ် ကြေငြာလို့ ဘယ်နိုင်ငံကမှ လက်မခံပါဘူး အိုးနင်းခွက်နင်းနဲ့ ၂၀၀၈ ခြေဥကိုလဲ NUCC ကသဘောမတူဘဲ ဖျက်သိမ်းမိသွားပြီလေ ဒီတော့ NUG ဟာ NLD ဆိုတဲ့ #မိခင်ပါတီပျောက်၊ NUCC ဆိုတဲ့ #အုပ်ထိန်းသူပျောက်၊ ဖွဲ့စည်းပုံခြေဥဆိုတဲ့ #အိုးအိမ်ပျောက် ၊ EAO တိုင်းရင်းသားဆိုတဲ့ #ဆွေမျိုးပျောက် UN ပြည်ပ ဆိုတဲ့ အိမ်နီးချင်း #မိတ်ဆွေပျောက်၊ ဆိုတဲ့ ကလေကဝ ခြေသလုံးအိမ်တိုင် ဘဝကို အလိုလို ရောက်နေရတော့တာပါပဲ ဒါပေမယ့် အဆင်အခြင်မဲ့စွာနဲ့ D day ခေါ် ခဲ့တဲ့ အကျိုးဆက်ကိုတော့ အညာဒေသတခွင်နဲ့ တိုင်းရင်းသားဒေသတွေမှာ ပြဲပြဲစင်အောင် နေ့စဉ်နဲ့အမျှ ခံစားနေကြရဆဲ.... နောက်လဲ ခံစားနေကြရအုံးမှာပါ စစ်ရဲ့သဘာဝအရ ဒီပွဲပြီးလို့ ပြည်သူ့ခုံရုံးသာ ဖွဲ့ခွင့်ရခဲ့မယ်ဆိုရင် ICC ICJ ထက်သာတဲ့ အပြစ်ဒဏ်တွေကို ပြည်သူက စီရင်ဖွယ်ရှိနေပါတယ်။ မြေပြင်ညီအကိုများ တွေးတောဆင်ခြင်ဖို့ပါ.... ဝမ်းနည်းပါသည်။ #သမိန်ပေါသွပ်

Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

တတိယအင်အားစု#ThirdParty ခုထိ NUG က စုရွေးလွှတ် အထိုင်ပေါ်မှာပဲ။ တလရ ရဲဘော်တွေနဲ့ EROs တွေက ဖက်ဒရယ် အထိုင်ပေါ်မှာ။ ရည်ရွယ်ချက်မတူရင် မြေပြင်က ရဲဘော်တွေနဲ့ တစ်သားတည်း မဖြစ်နိုင်ဘူး။ တစ်သားတည်း မဖြစ်ရင် တလရ မအောင်မြင်နိုင်။ အဲဒါကြောင့် NUG ကိုယ်တိုင် တလရ ကာလမှာ စုရွေးလွှတ်နဲ့ NLD မူတွေကို လွှတ်ချပြီး သူတို့ကိုယ်တိုင် တတိယ အင်အားစု ဖြစ်အောင်လုပ်ရမယ်။ တတိယအင်အားစုဆိုတာက.... ပထမ အင်အားစုဖြစ်တဲ့ ဖေဖေ့ တပ်မတော်ဆိုတဲ့ နိုင်ငံရေးအမြင်ကို လွှတ်ချရမှာဖြစ်သလို... DASSK ရဲ့ အပ်တစ်ချောင်းမှတောင်မကိုင်ခဲ့တဲ့ ဒုတိယအင်အားစုရဲ့မူဝါဒကို စွန့်လွှတ်ရေးပါပဲ။ စကစ က ဂုတ်ကျားတွေ အသက်တွေကို နင်းပြီး ကိုယ်ကျိုးရှာတယ်။ NUG က ကျနော်တို့ ရဲဘော်တွေရဲ့ အသက်ကို နင်းပြီး ကိုယ်ကျိုးရှာတယ်။ ကျနော်တို့ ရဲဘော်တွေရဲ့အသက်တွေက ဂုတ်ကျားတွေထက် တန်ဖိုးပိုကြီးတယ်။ တန်ဖိုးပိုကြီးတဲ့ ဘဝတွေ အသက်တွေကို ချနင်းကိုယ်ကျိုးရှာ၊ နိုင်ငံ့အကျိုးစီးပွားကို မျက်နှာမမူတဲ့ NUG ထဲက လူတွေရဲ့ကိုယ်ကျင့်တရားဟာ ယုတ်မာနေတဲ့ ရန်သူ့ရဲ့

ကိုယ်ကျင့်တရားထက် ပိုပြီးယုတ်မာတယ်/ စကားလုံးတောင်ရှာမရသေး။ နိုင်ငံရေးမှာ မိတ်ဆွေမရှိ၊ ရန်သူမရှိ။ အကျိုးစီးပွားသာရှိတယ် ဆိုတဲ့ အမြင်နဲ့ ချဉ်းကပ်မယ်ဆိုရင်တော့ အပေါ်က အမြင်က ဟာသပေါ့။ ကျနော်က မြေပြင်က အသက်တွေပေးနေရတဲ့ ရဲဘော်တွေ အမြင်နဲ့ချဉ်းကပ်ကြည့်တာ။ လက်ရှိဖြစ်နေတာက စကစ ကလဲ တတိယအင်အားစု ပေါ်ပေါက်လာမှာ ကြောက်သလို၊ NUG ကလဲ တတိယ အင်အားစုကို ပုံဖျက်နေတာပဲ။ ထပ်ပြောဖို့ ကြိုးစားအုံးပါမယ်။
#၉၆/၉၈မျိုးဆက်ကျောင်းသားတစ်ဦး

Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

**osts**

## DrKyaw Naing

17h ·

PDF Academy ( The Institution of Professional Engineers Myanmar)မှ PDF ရဲဘော်များအတွက်အွန်လိုင်းသင်တန်းများ

Certificate/Diploma in Military and Security Operations
Diploma in Homemade Small Arms Technology
Bachelor of Arts (Defence Studies)
Diploma in Humanities Studies
Bachelor of Humanities Studies
Diploma in Legal Studies
Bachelor of Law
Diploma in Drone Technology
Diploma in Electronics Warfare
Diploma in Electronics Practice (Walkie Talkie and Signal Jamming)
Diploma in Surface to Air Missile Launcher Technology
Diploma in Work Studies (Medical and Nursing)
Bachelor of Work Studies (Medical and Nursing)
Bachelor of Engineering (Military Engineering)
Diploma in Human Rights
Bachelor of Arts (Politics and Human Rights)
သင်တန်းများကိုPDF Academy မှအွန်လိုင်းသင်ပေးကာ IPEMTU Degree College (ဩစတြေလျတွင်လုပ်ငန်းမှတ်ပုံတင်)ကျောင်းကDiploma,/Degree ပေးမည်။

Certificate/Diploma in Military and Security Operations
စစ်ပညာနှင့်လုံခြုံရေးဆောင်ရွက်ခြင်းဒီပလိုမာကိုစစ်သင်တန်းဆရာများကထောက်ခံပေးသောPDF တပ်သားများကိုအခမဲ့ချီးမြှင့်မည်ဖြစ်သည်။

Diploma in Nursing
ကိုလည်းစစ်မြေပြင်ဆေးသင်တန်းပြီးစီးသူတို့ကိုသင်တန်းဆရာ၏ထောက်ခံချက်အရချီးမြှင့်မည်။

PDF Academy မှ Certificate /Diploma

ရပြီးသူတို့သည်ဆယ်တန်းစာမေးပွဲဖြေစရာမလိုဘဲသင့်လျှော်သောအသက်မွေးဝမ်းကျောင်းပညာဒီပလိုမာ၊ဒီကရီဘွဲ့များကို IPEM IQY Education Group ၏ IQY Technical College, IQY Degree College, IPEMTU Degree College, IPEM Technological University နှင့် IQY University တို့တွင်ဆက်တက်နိုင်မည်။

GTI, University တက်နေဆဲ PDF များ တောင်းဆိုပါကလည်း BA,BSc, BE, BCom, BEcon, LLB, BBus AGTI စသောဘွဲ့ဒီပလိုမာများကိုအခမဲ့အွန်လိုင်းကသင်ပေးမည်။

စာရင်းသွင်းရန်လင့်

အမည်၊ တက်လိုသောသင်တန်းနှင့်အီးမေးလိပ်စာသာပေးရန်။

နေရပ်လိပ်စာ၊ဖုန်းအမှတ်၊မှတ်ပုံတင်စသည်များလုံးဝမဖြည့်ရန်။

https://www.emailmeform.com/.../form/7v9gZFxa3r6hz4lf4R4WJAn

https://www.emailmeform.com/.../form/7v9gZFxa3r6hz4lf4R4WJAn

Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx